WHERE EVERY CHILD SUCCEEDS
MY MYANMAR
INTERNATIONAL SCHOOL






# Homework Policy

# Homework Policy

A day in the life of a My Myanmar International School student, among other things, includes continuous interaction with varied concepts. Our curriculum, subject-time ratio, and co-curricular activities are all tailored toward holistic development. At My Myanmar International School, homework is scheduled to reinforce the day's learning; it is intended to complement the concepts already introduced in the class/school as a form of extended learning. We subscribe to the belief of 'learning by doing' as espoused by John Dewey. To that end, our homework tasks are regulated and not limited to the submission of assignments, they may involve small projects both individual and group, it may be research-based as in a survey, completion of assigned work during the day or simply a reading exercise and so on and so forth. The My Myanmar International School policy of quality over quantity is reflected in our Homework Policy too. The idea is to develop individuals who are independent, responsible and motivated toward critical thinking. We also ensure that homework is appropriate in terms of progression, student age, and fulfillment to be engaged in.

## Purpose

- It reinforces skills that have been taught in school and gives children the opportunity to practice what they have learned. It allows slow learners with valuable time outside of the constraints of a classroom.
- It encourages self-discipline as the children take responsibility for their learning
- It promotes independent learning.
- It provides teachers with the opportunity to support and extend individual children.
- It gives room for parents/guardians to involve themselves in their child's learning.

## Teachers

- Clearly communicate standards, directions, and expectations to parents and students.
- Coordinate projects and assignments among the teachers teaching the class so that all pupils have ample time to complete the assigned work.
- Provide pupils the opportunity to ask questions to clarify assignments before leaving class.
- Allow for varied learning styles by including choices in types of assignments when possible.
- Continually monitor the amount of homework and provide feedback to parents and/or students.

## Parents

- Provide a suitable environment for homework. Establish a quiet, well-lit study area.
- Remind pupils that homework is their responsibility and allow room for independent effort.
- Guide or assist in homework when unusual difficulties arise but never do the homework for the child.
- Monitor student's daily list of assignments as listed in the school diary.
- Monitor other activities and create a schedule so that sufficient time is provided for homework.
- Prohibit cheating, plagiarism and any other dishonest practices in the completion of homework.
- Communicate with the teacher if their child faces difficulty coping with the homework assigned.

## Students

- Write down assignments in your Student Journal.
- Find a quiet, well-lit study area.
- Work on your homework independently whenever possible, so that it gives you an accurate assessment of your ability.
- Complete all assignments honestly and in time in accordance with the teacher's directions.

**"WHERE EVERY CHILD SUCCEEDS"**
**MY MYANMAR**
**INTERNATIONAL SCHOOL**

## အိမ်စာမူဝါဒ

My Myanmar International School ကျောင်းသားတစ်ဦး၏နေ့စဥ်ဘဝသည် အမျိုးမျိုးသောသဘောတရားများနှင့်ဆက်စပ်မှုများကို စဥ်ဆက်မပြတ်လုပ်ဆောင်ရပါသည်။ ကျွန်ုပ်တို့၏သင်ရိုးညွှန်းတမ်း၊ ဘာသာရပ်အချိန်အချိုးကျမှုနှင့် စာသင်ခန်းပြင်ပလှုပ်ရှားမှုများအားလုံးသည် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့်ရည်ရွယ်ချက်ဖြင့်ရေးဆွဲထားသည်။ My Myanmar International School တွင် အိမ်စာများအားနေ့စဥ်သင်ယူမှုများကို ပြန်လည်အားဖြည့်ရန်စီစဥ်ထားပြီး၊ အတန်း/ကျောင်းတွင်မိတ်ဆက်ပေးထားသည့် သဘောတရားများကိုပံ့ပိုးပေးရန်ရည်ရွယ်သည်။ အိမ်စာသည် သင်ယူမှုကိုတိုးချဲ့သည့်ပုံစံတစ်မျိုးဖြစ်သည်။ ကျွန်ုပ်တို့သည် John Dewey ၏ "လုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်း" အဆိုကိုလက်ခံကျင့်သုံးသည်။ ထိုရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့၏အိမ်စာလုပ်ငန်းများကိုစနစ်တကျစီမံထားပြီး၊ အလုပ်တာဝန်များတင်သွင်းခြင်းနှင့် ကန့်သတ်ထားခြင်းမဟုတ်ဘဲ၊ တစ်ဦးချင်းနှင့် အုပ်စုလိုက်ပရောဂျက်ငယ်များ၊ စစ်တမ်းကောက်ယူခြင်းကဲ့သို့သော သုတေသနအခြေပြုလုပ်ငန်းများ၊ တစ်နေ့တာအတွက်ပေးထားသည့်လုပ်ငန်းများ ပြီးမြောက်အောင်လုပ်ခြင်း (သို့မဟုတ်) စာဖတ်ခြင်းလေ့ကျင့်ခန်းများ စသည်တို့ပါဝင်နိုင်သည်။ My Myanmar International School ၏ အရည်အသွေးကိုအရေအတွက်ထက်ဦးစားပေးသည့်မူဝါဒသည် ကျွန်ုပ်တို့၏အိမ်စာမူဝါဒတွင်လည်းထင်ဟပ်နေသည်။ ရည်ရွယ်ချက်မှာ လွတ်လပ်ပြီးတာဝန်ယူမှုရှိသည့်၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုကိုအားပေးသည့် ပုဂ္ဂိုလ်များမွေးထုတ်ပေးနိုင်ရန်ရည်ရွယ်သည်။ ထို့အပြင်အိမ်စာသည် တိုးတက်မှုနှင့်ကိုက်ညီပြီး ကျောင်းသား၏အသက်အရွယ်နှင့် လိုက်လျောညီထွေရှိစေရန်စီစစ်ထားသည်။

### ရည်ရွယ်ချက်

- ကျောင်းတွင်သင်ကြားပေးထားသည့် ကျွမ်းကျင်မှုများကိုအားဖြည့်ပေးပြီး ကလေးများအားသင်ယူထားသည်များကိုလေ့ကျင့်ခွင့်ပေးသည်။
- ပုံမှန်ထက်အချိန်ပိုလိုအပ်သည့်သင်ယူသူများအား စာသင်ခန်း၏ကန့်သတ်ချက်များမှ လွတ်မြောက်စေသည့် အဖိုးတန်သောအချိန်ကိုပေးသည်။
- ကလေးများအား သင်ယူမှုအတွက်မိမိကိုယ်တိုင်တာဝန်ယူစေခြင်းဖြင့် ကိုယ်ပိုင်စည်းကမ်းကိုအားပေးသည်။
- လွတ်လပ်သောသင်ယူမှုကို မြှင့်တင်ပေးသည်။
- ဆရာများအား တစ်ဦးချင်းစီသောကလေးများကို ပိုမိုပံ့ပိုးပေးရန်နှင့် အခွင့်အလမ်းပေးသည်။
- မိဘ/အုပ်ထိန်းသူများအား မိမိတို့ကလေး၏သင်ယူမှုတွင်ပါဝင်နိုင်စေရန် အခွင့်အလမ်းပေးသည်။

### ဆရာများ

- မိဘများနှင့်ကျောင်းသားများထံ စံနှုန်းများ၊ ညွှန်ကြားချက်များနှင့် မျှော်လင့်ချက်များကို ရှင်းလင်းစွာဆက်သွယ်ပြောဆိုပါ။
- အတန်းတွင်သင်ကြားနေသည့် ဆရာများအကြား ပရောဂျက်များနှင့်တာဝန်များကိုညှိနှိုင်းပေးပြီး ကျောင်းသားများအားလုံးတွင် တာဝန်ပေးထားသည့်အလုပ်များကို ပြီးမြောက်ရန်လုံလောက်သည့်အချိန်ရှိပါစေ။

- အတန်းမှထွက်ခွာမည့်အချိန်တွင် ကျောင်းသားများအား တာဝန်များနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းခွင့်ပေးပါ။
- ဖြစ်နိုင်ပါက အလုပ်တာဝန်များတွင် ရွေးချယ်စရာများထည့်သွင်းခြင်းဖြင့် သင်ယူမှုပုံစံမျိုးစုံကိုခွင့်ပြုပါ။
- အိမ်စာ၏ပမာဏကို အဆက်မပြတ်စောင့်ကြည့်ပြီး မိဘများနှင့်ကျောင်းသားများထံ ပြန်လည်အကြံပြုချက်များပေးပါ။

**မိဘများ**

- အိမ်စာလုပ်ရန် သင့်လျော်သည့်ပတ်ဝန်းကျင်ကိုပံ့ပိုးပေးပါ။ တိတ်ဆိတ်ပြီးအလင်းရောင်ကောင်းသည့် အိမ်စာလုပ်သည့်နေရာကိုဖန်တီးပေးပါ။
- ကျောင်းသားများအား အိမ်စာသည်၎င်းတို့၏တာဝန်ဖြစ်ကြောင်းသတိပေးပြီး လွတ်လပ်စွာကြိုးစားနိုင်ရန် အခွင့်အလမ်းပေးပါ။
- ကလေးအတွက် အိမ်စာလုပ်ပေးခြင်းမျိုးမလုပ်ဘဲ၊ ထူးခြားသည့်အခက်အခဲများပေါ်ပေါက်လာပါက လမ်းညွှန်ပေးပါ။
- ကျောင်းသုံးစာအုပ်တွင် စာရင်းပြုစုထားသည့် နေ့စဉ်တာဝန်များကိုစောင့်ကြည့်ပါ။
- အခြားလှုပ်ရှားမှုများကိုစောင့်ကြည့်ပြီး အိမ်စာအတွက်လုံလောက်သည့်အချိန်ရှိစေရန် အချိန်ဇယားဆွဲပေးပါ။
- အိမ်စာပြီးမြောက်အောင်လုပ်ဆောင်ရာတွင် ကူးချခြင်း၊ တစ်ပါးသူထံမှအလုံးစုံအကူအညီယူခြင်းနှင့် အခြားပညာရေးဆိုင်ရာတားမြစ်ချက်နှင့် မရိုးသားသည့်အပြုအမူများကို ရှောင်ကြဉ်ရန်လမ်းညွှန်ပါ။
- သင့်ကလေးသည် ပေးထားသည့်အိမ်စာတွင်အခက်အခဲရှိနေပါက ဆရာနှင့်ဆက်သွယ်ပါ။

**ကျောင်းသားများ**

- မိမိတာဝန်များကို ကျောင်းသားမှတ်တမ်းစာအုပ်တွင်ရေးမှတ်ထားပါ။
- တိတ်ဆိတ်ပြီးအလင်းရောင်ကောင်းသည့် စာလုပ်သည့်နေရာကိုရှာဖွေပါ။
- မိမိတို့၏အိမ်စာကို လွတ်လပ်စွာလုပ်ဆောင်ပါ၊ သို့မှသာ မိမိကိုယ်ပိုင်စွမ်းရည်ကို တိကျစွာအကဲဖြတ်နိုင်မည်။
- ဆရာ၏ညွှန်ကြားချက်များနှင့်အညီ အိမ်စာများကို ရိုးသားစွာနှင့်အချိန်မီပြီးမြောက်အောင်လုပ်ဆောင်ပါ။